မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F___ Volume 1/ Issue 12 /December / 2018*




မာဂုပညာရှိတို့သည် အရှေ့ပြည်၌ မြင်ရသောကြယ်သည် သူတို့ရှေ့ကသွားသဖြင့်၊ သူငယ်တော်ရှိရာအရပ်ပေါ်သို့ ရောက်၍ တည်လျက်နေ၏။ ထိုကြယ်ကို မြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းရှိ၍၊ အိမ်သို့ဝင်လေသော်၊ – မယ်တော်မာရိနှင့်တကွ သူငယ်တော်ကို တွေ့မြင်လျှင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ဘဏ္ဍာ ဥစ္စာတို့ကို ဖွင့်ပြီးမှ လောဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးကိုဎင်း၊ ရွှေကိုဎင်း ဆက်ကပ်ပူဇော်ကြ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း။၂း၁၀–၁၁)

အကြောင်းမူကား၊ ငါတို့အဘို့သူငယ်ကို ဖွားမြင်၏။ ငါတို့အားသားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ ဒါဝိဒ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍၊ နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၉း၆–၇)

# 2018, BCF December Events

**December 2018**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 Christmas Day | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

## B.C.F. December Events

*102- 02-2018 ... Holy Communion*

*12-09-18 ... Christmas Worship*

*12- 16-2018 ... Christmas Service*

*12-23-2018 ... Christmas Service*




## B.C.F Worship time

*Sunday Service ... 2:00PM*

*Children Sunday School ... 2:15 PM*

*BCF Youth ... 2:15 PM*

## Prayer Meeting

*Every Saturday, 2:00 PM*

## Bible Study

*Sunday 1:00-2:00 PM*

## B.C.F Worship Place

*1337 Farmstead Ave. La Puente, CA 91745*

# လောကသားတို့အတွက် ခရစ္စမတ်



**ခရစ္စမတ်၏သတင်းကောင်း –** (လုကာ၊၂း၉–၁၀)
ထာဝရဘုရား၏ ကောင်းကင်တမန်က၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော် တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလိုငှါ ဘွားမြင်ခြင်းကို ခံတော်မူပြီ။

**ခရစ္စမတ်၏ရူပါရုံ –** (မဿဲ၊၁း၂၀)
ဒါဝိဒ်အမျိုး ယောသပ်၊ သင်၏ခင်ပွန်း မာရိကို ထိန်းသိမ်းရမည် အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ဖြစ်၏။ သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူ ဖြစ်သောကြောင့်၊ ယေရှုဟူသော အမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန် ဆို၏။

**ခရစ္စမတ်၏ဗျာဒိတ်တော် –** (မဿဲ၊၁း၂၂။ ဟေရှာယ၊၇း၁၅)
သတို့သမီးကညာသည် ပဋိသန္ဓေ စွဲယူ၍ သားယောက်ျားကို ဘွားမြင်လတံ့။
ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ဟု လာသတည်း။
ဧမာနွေလ အနက်ကား၊ ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။

**ခရစ္စမတ်၏အလင်း –** (ယော၊ ၁း၉)
ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကို ပေးသောသူ ယေရှုခရစ်တော် ဖြစ်သတည်း။

**ခရစ္စမတ်၏ပူဇော်သက္ကာ –** (မဿဲ၊၂း၁၁)
မာဂုပညာရှိတို့သည် မယ်တော်နှင့်တကွ သူငယ်တော်ကို တွေ့မြင်လျှင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ ဘဏ္ဍာဥစ္စာတို့ကို ဖွင့်ပြီးမှ လောဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးကိုငင်း၊ ရွှေကိုငင်း၊ ဆက်ကပ်ပူဇော်ကြ၏။

**ခရစ္စမတ်၏ငြိမ်းချမ်းသံ –** (လုကာ၊၂း၁၄)
ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း။

**ခရစ္စမတ်၏အနှစ်သာရ =** (ယောဟန်၊၁း၁၄)
သားတော်တည်းဟူသော နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်ငင်း၊ သစ္စာတော်နှင့်ငင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည် ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။

**ခရစ္စမတ်၏ကျေးဇူး၊–** (ယော၊၁း၁၂ ။ ၁ယော၊၅း၁၁)
ထိုသားတော်ကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော
သူတို့အား ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။
သားတော်ကို ရသောသူသည် ထာဝရအသက်ကို ရ၏၊

**ခရစ္စမတ်၏ချစ်မေတ္တာ –** (ယောဟန်၊ ၃း၁၆)
ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

ဤသားတော်ယေရှုသည် ဘုရားသခင် ထာဝရဘုရား၏ ဂတိတော်ရှိသည့် ...

- ဧမာနွေလ .. ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်
- မေရှိယ .. အလုံးစုံတို့ကို ဘော်ပြတော်မူမည့်သူ
- ကယ်တင်ရှင် .. လောကသားတို့ကို အပြစ်မှကယ်ချွတ်မည့်သူ
- ဘုရင်တကာတို့၏ဘုရင် .. ဘုန်းအသရေတန်ခိုးတော်နှင့်ပြည့်သူ
- နှုတ်ကပါတ်တော် .. အသက်နှင့်အလင်းဖြစ်သူ
- သိုးသူငယ်တော် .. ပြစ်မျိုးကင်းစင်၍မြတ်သောသူ
- သက်သေခံ .. ခမည်းတော်၏ဘုန်တန်ခိုးကို ထင်ရှားသောသူ
- လူသားတိုင်း၏ ပြစ်ကြွေးကို လက်ဝါးကပ်တိုင်ထက်တွင် အသွေးတော်ဖြင့် ပေးဆပ်ပူဇော်၍ သေခြင်းမှသုံးရက်မြောက်သောနေ့မှာ ထမြောက်ရှင်ပြန်သော .. အရှင်သခင်

သို့ဖြစ်၍၊ မိတ်ဆွေ...သင်သည် ဘယ်အခြေအနေမျိုးမှာ ရှိနေပါလေစေ။ လူအပေါင်းတို့ အဖို့ ထာဝရအသက်ရှင်ခြင်း အလို့ငှါ၊ ထာဝရဘုရားသည် အပြစ်မှကယ်တင်ပိုင်သော အရှင်သခင် ယေရှုခရစ်တော်ကို ကျေးဇူးတော်ဖြင့် ခရစ္စမတ်လက်ဆောင် အဖြစ် ပေးနေသည်။

> သင်သည် မရရှိသေးပါက ယနေ့ပင် လက်ခံရယူ ပိုင်ဆိုင်ပါ။
> သင်သည် ထိုအခွင့်အရေးကို လက်လွှတ်ဆုံးရှုံး မခံပါနှင့်။

သင်သည် ယုံကြည်ခြင်းအားဖြင့် ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံနိုင်ပါ၏။ သို့မှသာ၊ သင်သည် ထာဝရစိတ်ချမှုကို ရရှိပြီး၊ ထာဝစဉ်ရွှင်လန်းဝမ်းမြောက် ပါလိမ့်မည်။ ။




**သက်သေခံချက်၊–**

# သခင်ဘုရား၏ကောင်းမြတ်ခြင်း

# နှင့်

# အနာဂါတ်ပန်းတိုင်

Newburgh Theological Seminary and Newburgh Collage of the Bible Commencement ကျောင်းရှိရာသို့ စနေနေ့ ၆–၉–၂၀၁၈ တွင် သွားရောက်ဘွဲ့ယူကြမှာ ဖြစ်ပါတယ်။ ကျွန်တော်နှင့် ဦးစံလှကတော့ ဧည့်သည်အနေနဲ့ ပါဝင်ကြမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ကို ကျွန်တော်တို့ နေထိုင်တဲ့ စိန့်ပေါလ်၊ မင်နီဆိုးတာ ကနေ ကျောင်းရှိရာသို့ ကားမောင်းလျှင် (၁၂) နာရီခန့်ကြာမောင်းရမှာ ဖြစ်ပြီး၊ ညခရီးစဉ်လည်းဖြစ်ပါတယ်။ ညခရီးစဉ်မောင်း၍လမ်းပျောက်သွားလို့နောက်ထပ်(၂)နာရီ ပိုမောင်းခဲ့ရတယ်။ ဟိုရောက်တဲ့အခါ ဟိုတယ်ကိုကြိုတင်ငှားထားတဲ့အတွက် အဆင်သင့် အိပ်ခဲ့ရတယ်။

နောက်တနေ့ ရောက်တဲ့အခါ၊ ကျွန်တော်တို့ “ ပထမမြန်မာခရစ်တော်အသင်းတော် ” မှ ဆရာ၊ဆရာမများနှင့် အခြားစတိတ်မှအပါဝင် Master of Arts In Theology မှ (၆)ယောက် နှင့် Bachelor of Arts In Theologyမှ (၅) ယောက်တို့ နှင့်အတူ ဘွဲ့ ယူကြမယ့်သူတွေ ဖြစ်ပြီး၊ ကျွန်တော်နှင့် ဦးစံလှတို့ က ဧည့်သည်အနေနဲ့ ပါဝင်ခဲ့ကြပါတယ်။

နောက်ဆုံးခရီးစဉ်ကတော့ “ နောဇ”သင်္ဘောရှိရာ အရပ်သို့ လူပေါင်း (၁၅)ယောက် သွားခဲ့ကြပြီး၊ ကျွန်တော်တို့ရဲ့ကျောင်းအုပ်ဆရာကြီးက ပြောတယ်၊ ကိုယ့်အစီအစဉ်နဲ့လက်မှတ် ဝယ်ဖို့ တိုက်တွန်းတဲ့အခါ၊ ကျွန်တော်လည်း လက်မှတ်ရုံသို့ သွား၍ လက်မှတ် ဝယ်အပြီးမှာ၊ အနီးအပါး၌ရပ်နေစဉ်၊ ရုတ်တရက် ကျွန်တော်လဲကျသွားပြီး၊ ကျွန်တော်ဘာကိုမှ မသိလိုက်သလို၊ ဘာမျှလည်း မခံစားရဘဲ၊ သတိရလာသောအချိန်မှာ၊ ကျွန်တော်ရှေ့မှာ ရဲနှစ်ယောက်နှင့်အတူ၊ ဘေးတဖက်မှာ ကျောင်းအုပ်ကြီး ဆရာမြင့်ဌေးမောင် ရပ်နေတာကို တွေ့လိုက်ရတယ်။ ရှေ့မှာရှိတဲ့ ထိုရဲ (၂) ယောက်ထဲမှာ ရှေးဦးသူနာပြုတတ်ထားတဲ့ ရဲ (၁) ယောက်က ကျွန်တော့်ကိုမေးတဲ့အခါ ဆရာကစကားပြန်လုပ်ပေးတယ်။ ဆရာကထပ်ပြောပါတယ်၊ ရဲ (၁)ယောက်က ဆေးရုံသွားမလား မေးတဲ့အခါ၊ ကျွန်တော်လည်းအနည်းငယ်ခေါင်းမူးနေတာကြောင့် သွားမယ်ပြောခဲ့ပြီးပါမှ၊ ဆရာက မသွားနဲ့လို့ ပြောတာနဲ့၊ ကျွန်တော်လည်း မသွားတော့ဖူးလို့ ပြန်ဖြေ လိုက်တယ်။

ဒါနဲ့ ကျွန်တော်တို့(၂)ယောက် လက်မှတ်ရုံနှင့် အနည်းငယ်ဝေးတဲ့ ကားရှိရာသို့ သွားခဲ့ကြတယ်။ ကားပေါ်ရောက်ပြီး မကြာခင်ဘဲ၊ သူက ကျွန်တော့်ကို “ ဆုတောင်းပေးမယ်” လို့ ပြောတဲ့အခါ ကျွန်တော် စိတ်ကျေနပ်သွားပြီး၊ ကျွန်တော် စဉ်းစားလိုက်တာ ... (လု၊ ၈း ၄၃–၄၄ )

ထိုအခါ တဆယ့်နှစ်နှစ်ပါတ်လုံး သွေးသွန်းအနာစွဲသောကြောင့် ဥစ္စာရှိသမျှကို ဆေးသမားတို့ အားပေး၍၊ ကုန်သော်လည်း အဘယ်ဆေးသမားလက်၌မျှ ချမ်းသာမရနိုင်သော မိန်းမတစ်ယောက်သည် နောက်တော်သို့ ချဉ်းကပ်၍ အဝတ်တော်၏ပန်းပွားကို တို့သဖြင့်၊ ထိုခဏခြင်းတွင် သွေးသွန်းအနာ ပျောက်လေ၏။ ( သူမ၏ယုံကြည်ခြင်း )

(လု၊ ၈း ၄၉–၅၀)၌ ထိုသို့ မိန့်တော်မူစဉ်တွင် တရားဇရပ်မှူးအိမ်မှလူလာ၍ ကိုယ်တော်၏သမီးသေပါပြီ။ ဆရာတို့ မနှောက်ယှက်ပါနှင့်ဟုဆို၏။ ယေရှုသည်ကြားလျှင်၊ မကြောက်ကြနှင့်။ “ ယုံကြည်ခြင်း ” စိတ်တစ်ခုသာ ရှိစေလော့။ ထိုသို့ ရှိလျှင် သူသည် ဘေးနှင့်လွတ်လိမ့်မည်ဟု တရားဇရပ်မှူးအားမိန့်တော်မူ၏။ ကျွန်တော် ဒီကျမ်းပိုဒ်ဟာ ကျွန်တော့်အာရုံထဲမှာ ဆင်ခြင်လျက်နေစဉ်၊ ဆရာ့ရဲ့ဆုတောင်းသံအဆုံးကို သိလိုက်ရတယ်။ ဒါနဲ့ ကျွန်တော်ပြောလိုက်တာက၊ ဆရာကျွန်တော်ဒီအဖြစ်အပျက်ကို အစမှအဆုံး ကျွန်တော်သိလိုက်ပြီ။ ဒါနဲ့ဆရာကို ရှင်းပြလိုက်တာက ကျွန်တော် အထုပ်တစ်ခုကို ကိုင်ထားပြီး၊ နောက်ပြန် လဲကျသွားတယ်။ သို့သော် တစုံတယောက်သောသူက ကျွန်တော့်ကျောကို ညှင်သာစွာ ကိုင်ထားပြီး၊ သမန်သလင်းထိတိုင် ဖေးမထားတယ်လို့ခံစားရတယ်။ ဒါနဲ့ ဆရာပြောလိုက်တာ – အဲဒါ ခင်ဗျားကို ဘုရားကယ်တာပေါ့လို့ ပြောလိုက်တယ်။ ဆရာက မေးခွန်းတစ်ခုမေးလိုက်ပါတယ်။ ကိုသန်းနိုင် ခင်ဗျားတစုံတခု ဖြစ်သွားရင် ခင်ဗျားဘယ်လို ခံစားမလဲ၊ ကျွန်တော် ဖြေလိုက်တာက၊ “ကျွန်တော့်မှာ ပန်းတိုင်ရှိပါတယ် ဆရာ” လို့ ဖြေလိုက်တော့ ဆရာကလည်း ကျွန်တော်လည်းပန်းတိုင်ရှိတယ်၊ ဒီအကြောင်းအရာနှင့်ပတ်သတ်လို့ အနည်းငယ်ပြောခြင်ပါတယ်။

ဆရာတခါပြောဘူးတယ်၊ သူ့ရှေ့မှာ အမေရိကန်ပါမောက္ခ သုံးဦးကတော့ ဘုန်းတော်ဝင်စားသွားပြီ၊ ဒီတခါ ကျွန်တော်အလှည့်ဘဲ ပြောပါတယ်။ အဲဒီအချိန်မှာ သူ့ရဲ့ကျန်းမာရေး အခြေအနေက မကောင်းဘူးလို့ သိရပါတယ်။ ထို့ကြောင့် သူဘုန်းတော်ဝင်စားခဲ့ရင်၊ နောက် ကျွန်တော် ထက်ကောင်းတဲ့ ကျောင်းအုပ်ကို ဘုရားသခင်က ပြင်ဆင်ပေးလိမ့်မယ်လို့ ဆရာကပြောပါတယ်။ ဒါဆရာရဲ့ ပန်းတိုင်ဘဲ။ ကျွန်တော့်ပန်းတိုင် ကတော့ .. ဘုရားသခင် ခေါ်တော်မူလျှင် သွားမယ်။ ထားလျှင်နေမယ်။ ဒီ အယူအဆနဲ့ ပြောလိုက်တယ်။

ညရောက်တဲ့အခါ၊ အသွားခရီးတွင် (၁၄) နာရီလုံးလုံး အိပ်မပျော်တဲ့သူဟာ၊ နှစ်နာရီခွဲ အိပ်ပျော်သွားတယ်။ ဆိုလိုတာကတော့ ဆေးဖြတ်ပြီး ဆရာဝန်က တစ်နေ့ကို (၅)နာရီသော်၄င်း၊ (၅)နာရီခွဲသော်၄င်း၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ရင် လုံလောက်တယ်ပြောတဲ့ အတွက်၊ တနေ့တနေ့ကို ပျှမ်းမျှ (၆) နာရီ နှစ်နှစ်ခြိုက်ခြိုက် အိပ်တဲ့အတွက် ကျန်းမာရေးကောင်းမွန်ကြောင်း သက်သေခံပါတယ်။

တချိန်က အိပ်မပျော်တဲ့ရောဂါစွဲကပ်လာတော့ စိတ်ကျရောဂါ နှစ်ကာလတလျှောက်လုံး ရောဂါစွဲကပ်နေခဲ့တယ်။ စိတ်ရောဂါ ဆရာဝန်ကုသာတာ၊ ရောဂါပျောက်ခဲ့ပေမယ့် အမြစ်မပြတ်ခဲ့ဘူး။ သို့သော်လည်း၊ ခရစ်တော်ဘုရားနဲ့တွေ့ခဲ့တဲ့အချိန် ၂၀၁၇ ခု ဇွန်လ (၄)ရက်၊ နှစ်ခြင်းမင်္ဂလာမခံမှီတပါတ်အလိုမှာ ကိုယ်တော်နဲ့အိပ်မက်အာရုံထဲမှာ အဖြေရခဲ့ပြီးနောက်၊ ကျန်းမာရေးကောင်းရရှိပြီး၊ သခင်ဘုရားရဲ့ကောင်းမြတ်ခြင်းကြောင့် ကျောင်းလည်းတက်ခဲ့ရသလို၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းများ ရခဲ့သလို၊ အနာဂါတ်ကာလမှာလည်း ပန်းတိုင်လည်း တွေ့ခဲ့ပြီး ရှေ့ဆက်ရမယ့် ဘဝခရီးမှာလည်း .. အဆင်သင့်ဖြစ်နေပါပြီ။ ။

**သက်သေခံသူ – သန်းနိုင်**

# “ ကောင်းမြတ်စုံလင် ဘုရားသခင် ”

**( နိုင်လင်း )**




လောကမြေပြင်
အမှောင်ထုတွင်
အနာဂါတ်မဲ့
လျှောက်လှမ်းခဲ့တဲ့
ဘဝဟောင်းမှာ

ဒဏ်ရာဒဏ်ချက်
အိပ်စက်ကင်းလျက်
လွမ်းမောဘွယ်ရာ
ညပေါင်းများဝယ်
ကျော်လွှားဖြတ်သန်း

အတိတ်ကာလ
နာကျင်မှုတွေ
မြေမြှုပ် သင်္ဂြိုလ်
ပြင်းထန်ကြမ်းတမ်း
ခရီးလမ်းကို
ဖြိုခွင်းခဲ့ပြီ။

ဘဝသစ်မှာ
အာရုံဦးရဲ့
နံနက်ဆည်းဆာ
“နေမင်းပမာ”
တိုင်တော်ထက်တွင်
ကယ်တယ်သခင်
အလင်းရှင်ကို
တွေ့မြင်ခဲ့ပြီ။

ရှေ့ဆက်ခရီး
မျှော်လင့်ချက်တွင်
ပြည့်ဝစုံလင်
တမလွန်ဘုံ
သေခြင်းတဖက်
ခက်ခဲပုန္နာ
အဖြေရလျက်။

သာယာရွှေပြည်
ကောင်းကင်ဘုံသို့
ပို့ဆောင်သူမှာ
မေတ္တာအရှင်
မောနွှေလ
ကောင်းမြတ်စုံလင်
ဘုရားသခင်။